

အပိုင်း (၁၄)
နှင်းလားဟဲ့ ဂျပန်
မီအိုက အိအိချော

အခုအချိန်ကတော့ ဂျပန်မှာ မိုမိဂျိရွက်ကလေးတွေ အရောင်ပြောင်းပြီး ရွက်ဝါတွေ တဖြေးဖြေး ကြွေကျမြေခလေသော လွမ်းဖွယ်ရာသီပဲ ဖြစ်ပါသည်။ သည်တော့ ကျွန်မလည်း လွမ်းမိသည်ပေါ့။ ကြည့်လေရာရာ ပန်းပွင့်ရောင်စုံလေးတွေ ဖူးပွင့်ဝေဆာပြီး သဘာဝအလှတရားတွေနှင့် ပန်းချီဆရာ၏စိတ်တိုင်းကျ ရွေးချယ်ထားသော အလှပဆုံးဆေးရောင်စုံတွေနှင့် အစွမ်းကုန်ရေးဆွဲထားသည့် ပန်းချီကားတစ်ချပ်လို ဂျပန်နိုင်ငံသည် တကယ့်ကို သာယာလှပသောနိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။ အဲသည်နိုင်ငံကြီးမှာ ကျွန်မတို့ အခုရောက်ရှိနေကြသည်။ နောက်ထပ်လည်း ကျွန်မတို့နိုင်ငံမှ ပညာတော်သင်ကျောင်းသားများ ထပ်မံရောက်ရှိလာကြဦးမည်။ တစ်နှစ်ထက် တစ်နှစ် ပိုမိုများပြားလာနေသော နိုင်ငံခြားသားပညာတော်သင်ကျောင်းသားများ ရောက်ရှိလာမှုသည် ယနေ့ဂျပန်နိုင်ငံ၏ပြယုဂ် တစ်ခု ဖြစ်လာနေသည်။

ကျောင်းလျှောက်သူတွေ များလာသောကြောင့် ဧပြီလပိုင်း ဝင်ခွင့်အတွက် အချို့ကောလိပ်နှင့် တက္ကသိုလ်များ စောစောစီးစီး လူပြည့်၍ ဖောင်များ ပိတ်ကုန်ကြသည်။ သည်တော့ကျွန်မတို့သည်လည်း အောက်တိုဘာလလောက်ကတည်းက ကိုယ်တတ်မည့်ကျောင်းများကို အသီးသီးရွေးချယ်၍ ကျောင်းတွေကို လေ့လာရေးသွားကြ၊ ရွေးချယ်ကြ၊ စာရွက်စာတမ်းတွေပြင်ဆင်ကြ၊ အင်တာဗျူးအတွက်ကြိုတင်လေ့ကျင့်ကြ၊ ကျောင်းလခငွေသွင်းဖို့အတွက် ပိုက်ဆံတွေ စုကြနှင့် အလုပ်တွေ အတော်ရှုပ်ကြရပါသည်။ ကျောင်းလျှောက်၊ အင်တာဗျူးဖြေပြီး ကျောင်းဝင်ခွင့် အောင်မြင်ကြောင်း အကြောင်းကြားစာ လက်ဝယ်ရောက်ရှိပြီဆိုကာမှသာ တစ်ထစ်စိတ်အေးရသည်။ နောက်တစ်ထစ်ကတော့ သတ်မှတ်ထားသောရက်အမီ အရစ်ကျပဲဖြစ်ဖြစ် ပေးသွင်းရမည့်ကျောင်းလခအတွက် စိတ်တစ်ခါပူရသည်။ သည်တော့ ကျွန်မ ပြောချင်တာလေးတစ်ခုရှိပါသည်။ ကျွန်မတို့ မြန်မာနိုင်ငံမှဂျပန်နိုင်ငံသို့ လာရောက်နိုင်ဖို့အတွက် ပထမဦးဆုံးကျောင်းဗီဇာဖြင့် လာကြသောကျောင်းသားများကအများဆုံးဖြစ်ပါသည်။ ထိုကျောင်းသားများမှာ ပျမ်းမျှ သိန်းခုနစ်ဆယ်ဝန်းကျင်ခန့် ရှိသောတစ်နှစ်စာ ကျောင်းလခကိုအရင်ပေးသွင်းကြရသည်။

အချို့ကျောင်းတွေဆိုပါလျှင် မြန်မာငွေ သိန်း ၈၀ ကျော်ခန့်အထိ ပေးသွင်းကြရသည်။ လေယာဉ်စားရိတ် အခန်းငှားခနှင့် ပစ္စည်းပစ္စယ အားလုံးဝယ်ခြမ်း ပြီးစီးပြီး ဂျပန်နိုင်ငံမှာပါ သုံးဖို့ ငွေကြေးကို ယူဆောင်ပြီး လာကြရသည့်အတွက် မကုန်ဘူးဆိုလျှင်တောင်မှ ပျမ်းမျှသိန်း ၁၂၀ မှ ၁၄၀ ပတ်လည်လောက်ကတော့ ကုန်သွားပြီ ဖြစ်ပါသည်။ ပြီးတော့ ဂျပန်နိုင်ငံကို ရောက်လာကြသည်။ ရောက်လာပြီးနောက်မှာကျွန်မတို့ဘာတွေ လုပ်ကြမည်နည်း။ ဘာအတွက် ကျွန်မတို့ ရောက်လာကြပါသနည်း။ ဒါက အရေးအကြီးဆုံးအချက်ပဲဖြစ်ပါသည်။ အများစုက ဖြေကြပါသည်။ ပိုက်ဆံရှာရမည်။ ဒါကိုတော့ ကျွန်မ လက်ခံပါသည်။ ပိုက်ဆံရှာလို့ကောင်းသည့် တိုင်းပြည်ဆိုတော့လည်း ရနိုင်သမျှ ရှာနိုင်လေကောင်းလေပေါ့။ ဒါဆိုကျွန်မတို့မူလခေါင်းစဉ်တပ်ခဲ့ကြသောပညာတော်သင် ကျောင်းသားဆိုသည့် အမည်နာမအောက်မှာ ကျွန်မတို့တကယ်ကိုပညာတော်သင်တစ်ယောက်

အဖြစ် ပညာတွေသင်ယူနေကြပါသလားဟုမေးပါလျှင်။

အများစုမှာ စာမလုပ်နိုင်ကြပါဟု အဖြေထွက်လာပါသည်။ မြန်မာနိုင်ငံမှ သင်လာခဲ့ကြသည့်ဂျပန်စာလေးများကို ထပ်တလဲလဲသုံး၍ နေ့စဉ်အလုပ်ထဲမှာ မသုံးမဖြစ် သုံးနေကြရသော အဖန်ဖန် အလီလီ ကြားနေကြရသော စာလုံးများမှလွဲ၍ ကျောင်းစာသင်ခန်းထဲမှာ ပင်ပင်ပန်းပန်းနှင့်အိပ်ပျော်နေကြသော ကျောင်းသားများ ဒုနှင့်ဒေး။ အဓိကက စာမရလို့လည်း ဘာမှမဖြစ်၊ အလုပ်ထဲမှာ ဆက်သွယ်လို့ရရုံလောက် စကားရလျှင် တော်လောက်ပြီ။ လောလောဆယ် ပိုက်ဆံကအရေးကြီးသည်။ သည်တော့အလုပ်ကို တစ်ခုမက နှစ်ခု၊ သုံးခု အပြိုင်လုပ်ပြီး ရှာမည်။ နောက်ဆုံးတော့ ဘာဖြစ်သနည်းဆိုတော့။ ကျောင်းပျက်ရက်များတော့ ကျောင်းခေါ်ချိန်မပြည့်၊ စာမလုပ်တော့ စာမရ။ သည်တော့ Language Schoolမှာ ဗီဇာသက်တမ်းကုန်လို့၊ ကောလိပ်တို့ တက္ကသိုလ်တို့ လျှောက်ချိန်မှာ ကျောင်းတွေကလက်မခံတော့ တစ်ကျောင်းပြီး တစ်ကျောင်းပြောင်းလျှောက်၊ နောက်ဆုံး မရတဲ့အဆုံးမှာတော့ ပြည်တော်ပြန်။

ကိုယ့်နိုင်ငံ ပြန်ရောက်တော့ ဂျပန်မှာ တစ်နှစ်ခွဲ နှစ်နှစ်ခန့် ကိုယ်ရှာလာခဲ့သည့်ငွေက တစ်သက်လုံး သုံးလို့ စားလို့မကုန်သည့်ငွေပမာဏမျိုးလည်း မဟုတ်လေတော့ မြန်မာနိုင်ငံမှာအလုပ်ရှာသည်။ အလုပ်ခေါ်မည့်သူကလည်း CV ကိုကြည့်၍ ဂျပန်မှာ နှစ်နှစ်လောက်တောင် နေခဲ့တာဆိုတော့လည်းအထင်တကြီးနှင့်အင်တာဗျူးခေါ် လိုက်မိသည်။ အင်တာဗျူးတော့ ရေရေရာရာ ဘာမှသိပ်မပြောနိုင်။ တကယ်တော့ ဂျပန်မှာ ကိုယ် လုပ်ခဲ့သည့်အလုပ်တွေထဲက စကားနှင့် ကုမ္ပဏီအလုပ်ခွင်အတွင်းမှာ ပြောသည့်စကားဘာမှမဆိုင်ပါ။ ကိုယ့်မှာ စာအခံရှိထားလျှင်တော့ ပြန်လေ့လာပြီးပြောလို့ရသည်။ ဂျပန်မှာစာမလုပ်ခဲ့သည့်သူကတော့ နှုတ်တိုက်ချပေးသလောက်ပဲ ပြောနိုင်တော့သည့်အခြေအနေမျိုးကို ရောက်သွားပါတော့သည်။ ကျွန်မအတွေ့အကြုံတစ်ခုကို ပြောပြပါမည်။ ဂျပန်စကားရသည့်ဝန်ထမ်းတစ်ယောက်ကို ကျွန်မတို့ရုံးမှာ ခန့်ရန် အင်တာဗျူးခေါ် တုန်းက ဖြစ်ပါသည်။ CV တစ်ထပ်ကြီးထဲမှာမှ ဂျပန်မှာ လေးနှစ်နေခဲ့သူ ကျောင်းတက်ခဲ့သည်ဆိုသူလေးကို အင်တာဗျူးကြည့်ပါသည်။

## မကြိုးစားသူ အရည်အချင်းမရှိသူ အရည်အသွေးမရှိသည့်အရာတို့ ရှင်သန်ရပ်တည်ဖို့ရာ အင်မတန်ခက်ခဲသည့်အတွက် လူတိုင်း လူတိုင်း တစ်နေရာစာအတွက် . . .

ကိုယ့်အကြောင်းကို အရင်ဆုံးမိတ်ဆက်ပြီး ပြောခိုင်းကြည့်သည်။ ဒီအထိက ရသေးသည်၊ ချောလို့။ နောက်တော့ ကိုယ်မေးချင်တာတွေ ဖောက်မေး၊ ထပ်လောင်းမေး ဟိုမေး ဒီမေးလည်း လုပ်ရော ချောချောမောမော သူသိပ်မပြောနိုင်တော့။ ကျွန်မ အံ့သြတကြီးနှင့် မေးမိပါသည်၊ ညီမလေး ဂျပန်က ပြန်လာတော့ ဘာတွေ ရလာလဲဟူ၍။ သူမကလည်း ရိုးသားစွာ ဖြေရှာပါသည်။ ပိုက်ဆံတော့ ရလာပါတယ်အစ်မ။ အဲဒီပိုက်ဆံနှင့် တိုက်ခန်း တစ်ခန်းဝယ်ပြီး အခု လူငှားတင်ထားပါတယ်။ ညီမကတော့ အဆောင်မှာ သွားနေပါတယ်။ အခုတော့ ပါလာတဲ့ပိုက်ဆံတွေလည်းကုန်သလောက်ရှိပြီဆိုတော့အလုပ် တစ်ခုခုလုပ်မှရတော့မှာမို့လို့ပါအစ်မ။ ပွင့်ပွင့်လင်းလင်းပြောရရင် ညီမက ဂျပန်ကို ကျောင်းနှင့်ထွက်သွားပြီး ကျောင်း မသွားတာက များပါတယ်။ စာလည်း သိပ်မလုပ်ဖြစ်ပါဘူး။ အချိန်ပိုင်းအလုပ်တွေကိုပဲ နေ့ရောညရော လုပ်ခဲ့တာပါ။

အဲဒါကြောင့် တိုက်ခန်းတစ်ခန်းတော့ဝယ်လိုက်နိုင်ပေမယ့်လို့ ဂျပန်စာကတော့ အခု ပြန်ပြီးလေ့လာနေပါတယ်။ အဲဒါကြောင့် ဂျပန်ကုမ္ပဏီမှာ အလုပ်ဝင်ချင်တာပါ အစ်မ။ ဖြစ်မှဖြစ်ရလေတယ်။ ဂျပန်က ပြန်လာတဲ့သူတစ်ယောက်က ဂျပန်စာကို ပြန်သင်ချင်လို့ မြန်မာနိုင်ငံမှာရှိသည့် ဂျပန်ကုမ္ပဏီမှာ အလုပ်ဝင်ချင်ပါသည်ဆိုတော့ သူမ နောင်တအတော်လေးနောက်ကျသွားပြီဖြစ်ပါသည်။ ကျွန်မ သူ့ကို အလုပ် မခန့်ဖြစ်လိုက်ပါ။ အလုပ်ခန့်၍ ရလောက်သည့်ဂျပန်စာအရည်အချင်း သူမမှာ မရှိသောကြောင့်လည်း ဖြစ်ပါသည်။ ထိုစဉ်တုန်းကတော့ ကျွန်မ သူမ၏ဖြစ်စဉ်အတွက် အတော်လေး နားမလည်ဖြစ်ခဲ့ဖူးပါသည်။ အခုတော့ ကျွန်မကိုယ်တိုင် ဂျပန်ကို ရောက်လာခဲ့တော့မှ ဘာကြောင့် သည်လိုမျိုး ဖြစ်ရသလဲဆိုတာကို သေသေချာချာ သဘောပေါက်ခဲ့ရပါတော့သည်။

လွန်ခဲ့သည့်သုံးနှစ် ကျွန်မနှင့်ဂျပန်ကုမ္ပဏီမှာ အတူအလုပ်လုပ်ခဲ့သည့် ဂျပန်မှ IT နှင့်ကျောင်းပြီးခဲ့ပြီးကျွမ်းကျွမ်းကျင်ကျင်အသုံးချနိုင်သည့်အပြင် ဂျပန်စာလည်း အင်မတန်မှ တော်သော ဂျပန်မှပြန်လာကာစ စီနီယာအစ်ကိုကြီးတစ်ယောက်ကို မေးခဲ့ဖူးပါသည်။ အစ်ကို ပိုက်ဆံဘယ်လောက်စုမိခဲ့သလဲဟူ၍။ သူပြောတာက



တော့ ရှင်းပါသည်။ ပိုက်ဆံ စုဖို့နေနေသာသာ တစ်နစ် တစ်နစ် ကျောင်းလခပေးနိုင်ဖို့ အလျင်မှီအောင်တောင် မနဲလုပ်ခဲ့ရတာ။ ပိုက်ဆံက တော့ အခုမှ ရှာရမှာပါ။ သူပြောသည့်အတိုင်းပါပဲ နောက်ဆုံးတော့ MICT Park ထဲမှာ အားကျလောက်စရာလစာအမြင့်စားနှင့် အလုပ်ကောင်းကောင်းတစ်ခုကို သူရသွားခဲ့ပါသည်။ ထို့ကြောင့် သူပြောတာ မှန်ပါသည်။ တကယ်တမ်း ပညာကောင်းကောင်းသင်မည်။ စာလုပ်မည်ဆိုပါလျှင် ပိုက်ဆံအပို သိပ်မရှိနိုင်ပါ။ ဒီလိုမှမဟုတ်ပဲ ဝင်ငွေတွေ သိပ်ကောင်းနေပြီဆိုလျှင်တော့ သေချာပါသည်။ အဘယ်ကြောင့်ဆိုသော် ထို Balance နှစ်ခုသည် ညီယူဖို့ ခက်ခဲသောအစွန်းနှစ်ဖက်မှာ ရှိနေကြသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဂျပန် ရောက်လျှင် ကိုယ်ဘယ်လမ်းကို ရွေးမည်လည်း အစကတည်းက စဉ်းစားသင့်သည်ဟု ထင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ဂျပန်ဆိုသောတိုင်းပြည်သည် နည်းပညာတိုးတက်မှုအထွတ်အထိပ်သို့ရောက်နေသော တိုင်းပြည်ဖြစ်ပါသည်။ နည်းပညာနှင့် နည်းစနစ်ကောင်းမွန်၍သာ ကမ္ဘာမှာ ထိပ်တန်းသို့ ရောက်နိုင်ခဲ့ခြင်းပဲ ဖြစ်သည်မဟုတ်ပါလား။ မြေပေါ်မှာရော ရေပေါ်မှာရော အံ့မခန်းဗိသုကာအတတ်ပညာတွေနှင့် တည်ဆောက်ထားသည့် အထပ်မြင့်မိုးမျှော်အဆောက်အအုံများစွာနှင့် တံတားအစင်းစင်း။ ထိုတံတားများပေါ်မှ ကျည်ဆန်ရထား၊ ကောင်းကင်ရထား၊ အမြန်ရထားများသွားနေကြသည်။ မြေအောက်မှာ ရေအောက်မှာရောလည်း နေ့ရောညပါ မီးထိန်ထိန်လင်း၍ မြို့တော်အလား ထင်မှတ်မှားရအောင် ရှုပ်ထွေးများပြောင်လှသည့် မြေအောက်ရထားလမ်းအသွယ်သွယ်နှင့်နှင် ရထားအစင်းစင်း မိနစ်တိုင်း၊စက္ကန့်တိုင်းမှာဖြတ်သန်းသွားလာနေကြသည်။

ဘယ်နေရာကိုကြည့်လိုက်ကြည့်လိုက် သန့်ရှင်းသပ်ရပ်ပြီး အဆောက်အအုံကြီးတွေကို ကြည့်လိုက်ပြန်လျှင်လည်း ငလျင်ဒဏ်၊ ရာသီဥတုဒဏ်အန္တရာယ်များကိုပါ အသင့်ကာကွယ်ပြီးဖြစ်သည့် နည်းပညာများနှင့်အတူ အခိုင်အမာ အုတ်မြစ်ချတည်ဆောက်ထားကြသည်။ သည်တော့ ဖွံ့ဖြိုးတိုးတက်ပြီးသော တိုင်းပြည်ဖြစ်သည့်အားလျော်စွာ ဘာလေးပဲလုပ်လုပ် အရင်ရှိပြီးသားအရာထက်သည့်ထက်သည့်ထက်ပိုကောင်းအောင်အပြိုင်အဆိုင် ကြိုးစားတီထွင်ကြရင်း အကောင်းတကာ့အကောင်းဆုံးတွေသာ နေရာယူ ကျန်ရစ်နိုင်ကြပြီး ဆက်လက်ရှင်သန်ခွင့်ရကြသော တိုင်းပြည်ဖြစ်နေသည်မှာအဆန်းမဟုတ်ပါ။

သည်တော့ မကြိုးစားသူ အရည်အချင်းမရှိသူ အရည်အသွေးမရှိသည့်အရာတို့ ရှင်သန်ရပ်တည်ဖို့ရာ အင်မတန်ခက်ခဲသည့်အတွက် လူတိုင်းလူတိုင်း တစ်နေရာစာအတွက် သေလုမျောပါး လူသားတစ်ယောက်၏ရှိရှိသမျှ အကောင်းဆုံးလုပ်ဆောင်နိုင်မှုစွမ်းအင်၊ စိတ်ဓာတ်၊ အသိဉာဏ်ပညာကိုအစွမ်းကုန်အဆုံးအထိထုတ်အသုံးချပြီး အလုပ် လုပ်နိုင်အောင် မကြိုးစား၍မဖြစ်။ သည်တော့ သည်လိုတိုင်းပြည်ကြီးမှာ ကျွန်မတို့လို ဖွံ့ဖြိုးဖို့ အားယူနေဆဲတိုင်းပြည်မှာ နေလိုင်ကြသူများအတွက် သင်ယူစရာတွေ၊ လေ့လာစရာတွေ၊ အတုယူစရာတွေ နေရာတိုင်းမှာ ရှိသည်။ ဒါတွေကို လေ့လာဖို့ရန်အတွက် လေ့လာရုံနှင့်မပြီး သိရှိနားလည်သဘောပေါက်နိုင်ဖို့ရန်အတွက် ကျွန်မတို့မှာ မရှိမဖြစ်လိုအပ်သည့်အရေးအကြီးဆုံး အချက်တစ်ခု ရှိပါသည်။ ဒါကတော့ ဂျပန်စာအရည်အချင်းရှိရမည်။ သူတို့ရေးထားတာတွေကိုဖတ်လို့မှမသိလျှင်ကျွန်မတို့ဘယ်လိုလေ့လာကြမည်နည်း။ သူတို့ပြောတာကို နားမလည်နိုင်လျှင်

ကျွန်မတို့ ဘာမှသင်ယူလို့မရ။ ဟင်းအိုးမွှေသည့်ယောက်မလို ဟင်း ဘယ်လောက်အရသာရှိရှိ သူဘာမှမသိ။

အလုပ် အတူတူတွဲလုပ်သည့်ဂျပန်တွေနှင့်စကား ပြောကြည့်လျှင် အလုပ်လုပ်သည့်အခါလိုအပ်သည့် တွေးခေါ်ပုံတွေးခေါ်နည်းတွေနှင့်ပတ်သက်၍ ပညာအရမ်းရသည်။ သူတို့မှာ ဆရာစားချန်ထားတာ ကိုယ့်ထက် သာသွားမှာစိုးလို့မပြောတာမျိုးမရှိ။ နိုင်ငံခြားသားတစ်ယောက်ကသူတို့နိုင်ငံအကြောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဘာသာစကားနှင့်ပတ်သက်၍စိတ်ဝင်တစားမေးတာမျိုးကို သူတို့သဘောကျကြသည်။ သေသေချာချာ စိတ်ရှည်လက်ရှည် ရှင်းပြပေးကြသည်။ သည်တော့ ရှင်းပြပြီဆိုပါတော့ ကိုယ်က လုံးစေ့ပတ်စေ့ နားမလည်နိုင်ဘူးဆိုလျှင် အလကားပဲဖြစ်ပါသည်။ သည်လို ရှင်းပြပြောပြသည့်အခါမျိုးတွေမှာ ယူတတ်မည်ဆိုလျှင် ထပ်ဆင့်ပညာရနိုင်တာကတော့ ကျောင်းစာအုပ်ထဲမှာ ကိုယ်ဖတ်မှတ်လေ့လာထားသည့်စကားလုံးနှင့် သဒ္ဒါများကိုလက်တွေ့အသုံးချသွားတာကို ကိုယ်ကြားရသည်။

ဒါက အကောင်းဆုံးစာကျက်နည်းပဲ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော ကျွန်မတို့ ခန်းကျီးအလုံးတစ်ထောင်ကျော် တစ်အုပ်လုံးထိုင်ကျက်။ သဒ္ဒါတွေကို တစ်အုပ်လုံးညက်ညက်ကျေအောင်ကျက်လည်း ဥပမာ စာကြောင်းတစ်ကြောင်း နှစ်ကြောင်းမှလွဲ၍ ပိုမသိနိုင်။ လက်တွေ့မှာ အသုံးမချနိုင်ကြသောကြောင့် ခဏနှင့် မေ့ကို မေ့ပါသည်။ သို့သော် အဲဒီစာလုံးလေး၊ သဒ္ဒါလေးတစ်ခုကို ရုပ်ရှင်ကားထဲမှာသော်လည်းကောင်း၊ အပြင်မှာ သူတို့သုံးနှုန်း သွားတာကိုသော်လည်းကောင်း ကြားလိုက်ရလျှင်တော့ ဘယ်တော့မှကို မမေ့တော့ပါ။

**ဆက်လက်ဖော်ပြပါမည်။**

